## အကျိုးကျေးဇူးများ

AEO အသိမှတ်ပြုခြင်းခံရသည့် ကုမ္ပဏီ/အဖွဲ့အစည်းများ အနေဖြင့် အောက်ပါအကျိုးကျေးဇူးများ ခံစားခွင့်ရရှိမည် ဖြစ်ပါသည် -

(က) အကောက်ခွန်ကြေညာလွှာများကို ဦးစားပေး အဆင့်အတန်းဖြင့် သတ်မှတ်ဆောင်ရွက်ခွင့်ရရှိခြင်း၊

(ခ) ကုန်ပစ္စည်း မရောက်ရှိမီ သွင်းကုန်၊ ထုတ်ကုန် ကြေညာလွှာများကို ကြိုတင် တင်သွင်းခွင့်ရရှိခြင်း၊

(ဂ) တရားမဝင် တင်သွင်းခြင်း သို့မဟုတ် တင်ပို့ခြင်း ဆိုင်ရာ ကာကွယ်တားဆီးရေး၊ တိုက်ဖျက်ရေး လုပ်ငန်းစဉ်များအတွက် အကျုံးဝင်သည့် ဆုံးရှုံးမှု အလားအလာရှိသော ကိစ္စရပ်များမှအပ စာရွက်စာတမ်းစစ်ဆေးခြင်း သို့မဟုတ် ကုန်ပစ္စည်းများအား စစ်ဆေးခြင်းများမပြုလုပ်ဘဲ အကောက်ခွန်လုပ်ငန်းဆိုင်ရာရှင်းလင်းမှုများရရှိခြင်း၊

(ဃ) စစ်ဆေးရန်လိုအပ်သည့်ကိစ္စရပ်များတွင် ဦးစားပေး စစ်ဆေးခွင့် ရရှိခြင်း၊

(င) တင်သွင်း၊ တင်ပို့သူ၏ ပရဝုဏ် သို့မဟုတ် အကောက်ခွန်ဦးစီးဌာနမှ ခွင့်ပြုသောအခြား နေရာများတွင် ကုန်စည်များနှင့် သက်ဆိုင်သည့် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခွင့်ရရှိခြင်း၊

(စ) ပင်လယ်ကြောင်း အကောက်ခွန် အက်ဥပဒေပုဒ်မ၄၁ပါ ပြဋ္ဌာန်းချက်နှင့်အညီ တစ်လအတွင်း ဆိုင်းငံ့အခွန်ငွေ ပေးချေခြင်းစနစ် (Deferred Duty Payment System) ဖြင့် ဆောင်ရွက်ခွင့်ရရှိခြင်း၊

(ဆ) အကောက်ခွန်ဦးစီးဌာန၏ အသိအမှတ်ပြုလက်မှတ် ချီးမြှင့်ခံရခြင်းနှင့် အသိအမှတ်ပြုတံဆိပ် (Logo) ကို သတ်မှတ်ချက်များနှင့်အညီ တပ်ဆင်ဆောင်ရွက်ခွင့်ရရှိခြင်း။

(ဇ) အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ နှင့် စပ်လျဉ်း၍ အကောက်ခွန်ဦးစီးဌာန၊ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူဌာနစုကိုမေးမြန်းနိုင်ခြင်း။

## ပြန်လည်ရုပ်သိမ်းခြင်း

- ☐ AEOဆိုင်ရာ စံသတ်မှတ်ချက်များကို ချိုးဖောက်ခြင်း၊
- ☐ ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်စဉ် လိုအပ်သည်များ ပြင်ဆင်ရန် ညွှန်ကြားထားသည့် အချက်များအား လိုက်နာမှုမရှိခြင်း၊

## ပြန်လည်လျှောက်ထားခြင်း

- ☐ AEO စံသတ်မှတ်ချက်များနှင့် ကိုက်ညီခြင်းမရှိ၍ ငြင်းပယ်ခြင်းခံရပါက ငြင်းပယ်ခံရသည့်နေ့မှစ၍ (၆)လပြည့်သည့်အခါ ပြန်လည်လျှောက်ထားနိုင်ပါသည်။
- ☐ AEO အဖြစ် အသိအမှတ်ပြုခံရပြီးမှ အကြောင်းအမျိုးမျိုးကြောင့် ရုပ်သိမ်းခြင်းခံရ၍ ပြန်လည်လျှောက်ထားလိုပါက ရုပ်သိမ်းခံရသည့်နေ့မှစ၍ (၃)နှစ်ပြည့် သည့်အချိန်တွင် စံသတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိလျှင် ပြန်လည် လျှောက်ထားနိုင်ပါသည်။

## AEO-MRA ဆိုတာဘာလဲ?

AEO-MRA (Mutual recognition Arrangement) ဆိုတာ သက်ဆိုင်ရာနိုင်ငံအလိုက် အသိအမှတ်ပြုထားတဲ့ AEO ကုမ္ပဏီ/အဖွဲ့အစည်းတွေကို တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန် အသိအမှတ်ပြုသည့်အစီအစဉ်ဖြစ်ပါတယ်။

## MRA ဆောင်ရွက်ပါက ရရှိနိုင်မည့် အကျိုးကျေးဇူးများ

- ☐ အချိန်နှင့် ကုန်ကျစရိတ်များကို ကြိုတင်ခန့်မှန်းနိုင်ခြင်း
- ☐ ကုန်ပစ္စည်းပျောက်ဆုံးမှုကို လျှော့ချပေးနိုင်ခြင်း
- ☐ နှစ်နိုင်ငံအကောက်ခွန်ပူးပေါင်းဆောင်ရွက်မှုကနေ ဥပဒေချိုးဖောက်မှု အလားအလာနည်းတဲ့ တင်သွင်း၊ တင်ပို့မှုများကို မြန်ဆန်ချောမွေ့စွာ ဆောင်ရွက်ပေးနိုင်ခြင်း
- ☐ စီးပွားရေးယှဉ်ပြိုင်နိုင်စွမ်းမြင့်မားစေခြင်း
- ☐ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေနိုင်ခြင်း

## AEOအဖြစ် လျှောက်ထားမည့်သူမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ

- ☐ AEO အဖြစ်လျှောက်ထားခြင်း
- ☐ Validation Process အတွက် အစစ်ဆေးခံခြင်း
- ☐ AEO အဖြစ် အသိအမှတ်ပြုခံရခြင်း (သို့) ငြင်းပယ်ခံရခြင်း
- ☐ စံသတ်မှတ်ချက်များနှင့်အညီ ကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်ခြင်း
- ☐ AEO (Level 1) အဆင့်မှ AEO (Level 2) အဆင့်သို့ အသိအမှတ်ပြုနိုင်ရေး ဆောင်ရွက်ခြင်း
- ☐ ကုမ္ပဏီ၏ဖွဲ့စည်းပုံ၊ လုပ်ငန်းစဉ် စသည့် ထူးခြားသည့် ပြောင်းလဲမှုရှိပါက AEO Section သို့ အသိပေး အကြောင်းကြားခြင်း
- ☐ အကောက်ခွန်ဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
# အကောက်ခွန်ဦးစီးဌာန

## အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ အစီအစဉ်ဆိုင်ရာသိကောင်းစရာ

(Authorized Economic Operators)


**အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူဌာနစု**

**(AEO Section)**

အမှတ်-၂၀၅/၂၁၁၊ပထမထပ်၊
၅၀ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

myanmaraeo@gmail.com

01-8203973

## အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ ( AEO )

အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူဆိုသည်မှာ AEO ဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ စံသတ်မှတ်ချက်များနှင့် ကိုက်ညီပြီး နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာကွင်းဆက်တွင် ဆောင်ရွက်နေသည့် အကောက်ခွန်ဦးစီးဌာနမှ တရားဝင် အသိအမှတ်ပြုထားသော ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

## ဘယ်လိုအဖွဲ့အစည်းတွေက AEO ဖြစ်နိုင်သလဲ?

Trade Supply Chain တွင်ပါဝင်သော အောက်ပါ အဖွဲ့အစည်းတွေက AEO ဖြစ်နိုင်ပါတယ် –

- ☐ ကုန်တင်ပို့သူများ (Exporters)
- ☐ ကုန်တင်သွင်းသူများ (Importers)
- ☐ ကုန်ထုတ်လုပ်သူများ (Manufacturers)
- ☐ အကောက်ခွန်ဝန်ဆောင်မှု ကိုယ်စားလှယ်များ (Customs Brokers)
- ☐ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု ကိုယ်စားလှယ်များ (Freight Forwarders)
- ☐ သယ်ယူပို့ဆောင်သူများ (Carriers)
- ☐ ဆိပ်ကမ်းများ (Ports)
- ☐ လေဆိပ်များ (Air Ports)
- ☐ ရေဆိပ်၊ လေဆိပ်ဆိုင်ရာ လုပ်ငန်းကိုင်တွယ်သူများ (Terminal Operators)
- ☐ ကုန်လှောင်ရုံများ (Warehouses)
- ☐ ကုန်ပစ္စည်းဖြန့်ဖြူးသူများ (Distributors)

## လက်ရှိအစီအစဉ်မှာဘယ်လိုအဖွဲ့အစည်းတွေက AEO အဖြစ်လျှောက်ထားနိုင်သလဲ?

လက်ရှိအစီအစဉ်မှာ အောက်ပါအဖွဲ့အစည်းတွေက AEO အဖြစ် လျှောက်ထားနိုင်ပါတယ် –

- ☐ ကုန်တင်ပို့သူများ (Exporters)
- ☐ ကုန်တင်သွင်းသူများ (Importers)

## AEO ကို Level ခွဲခြားထားမှုရှိသလား?

AEO ကို အောက်ပါအတိုင်း Level (၂)မျိုး ခွဲခြားထားပါတယ်–

- ☐ Level–1 (Compliance)
- ☐ Level–2 (Compliance + Security)

အကောက်ခွန်နှင့် ဆက်စပ်ဥပဒေများကို လိုက်နာမှုရှိပြီး ပြစ်မှုမှတ်တမ်းမရှိတဲ့အပြင် လုပ်ငန်းတွင်း ထိန်းချုပ်မှုကောင်းမွန်တဲ့ ကုမ္ပဏီ/အဖွဲ့အစည်းတွေကို AEO (Level 1) အနေဖြင့် သတ်မှတ်ထားပါတယ်။

Level 1 သတ်မှတ်ချက်တွေအပြင် International Trade Supply chain Security ပိုင်းဆိုင်ရာ အစီအမံတွေပါ ကောင်းမွန်တဲ့ ကုမ္ပဏီ/အဖွဲ့အစည်းတွေကို AEO (Level 2) အနေဖြင့် ဆက်လက်သတ်မှတ်သွားမှာ ဖြစ်ပါတယ်။

## ဘယ်လိုလျှောက်ထားရမှာလဲ?

AEO လျှောက်ထားမယ်ဆိုရင် လျှောက်လွှာပုံစံကို အကောက်ခွန်ဦးစီးဌာန၊ နှောင်းစာရင်း စစ်ဆေးခြင်းနှင့် ကုန်သွယ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းဌာနခွဲ၊ AEO ဌာနစုမှာ လာရောက်ထုတ်ယူနိုင်တဲ့အပြင် Customs Website မှလည်း Download ရယူနိုင်ပါတယ်။

သတ်မှတ်ထားတဲ့ လျှောက်လွှာပုံစံမှာ ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်ပြီး AEO ဌာနစု သို့ လူကိုယ်တိုင်ဖြစ်စေ၊ e-mail ဖြင့်ဖြစ်စေ လျှောက်ထားနိုင်ပါတယ်။

## စံသတ်မှတ်ချက်များ

AEO အဖြစ်လျှောက်ထားလိုပါက အောက်ပါ စံသတ်မှတ်ချက်များနှင့် ကိုက်ညီရန် လိုအပ်ပါသည် –

(က) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သတ်မှတ်ထားသော ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များ၊ လုပ်ငန်းလုပ်ကိုင်ခွင့် (သို့မဟုတ်) လိုင်စင်ဆိုင်ရာ ကိစ္စရပ်များအတွက် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိရမည်၊

(ခ) မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေအရ မှတ်ပုံတင်ခွင့်ပြုသည့်နေ့ရက်မှ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ် စတင်လျှောက်ထားသည့် နေ့ရက်အထိ ကာလသည် အနည်းဆုံး သုံးနှစ်ရှိရမည်၊

(ဂ) အကောက်ခွန်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို အမြဲ လိုက်နာသူ ဖြစ်ရမည်၊

(ဃ) ကုန်သွယ်မှုဆိုင်ရာနှင့်ပတ်သက်၍ အခြားဌာနဆိုင်ရာများတွင်လည်း Violation Record မရှိသူဖြစ်ရမည်၊

(င) ကုမ္ပဏီ၏ တရားဝင်ဘဏ္ဍာရေးရှင်းတမ်းအမှန်နှင့် အစီရင်ခံစာများကို ကုမ္ပဏီ စတင်တည်ထောင်သည့် အချိန်မှစ၍ နှစ်စဉ် ထုတ်ပြန်ထားရမည်၊

(စ) လုပ်ငန်းနှင့်ပတ်သက်၍ စာရင်းဇယား အချက်အလက်များ၊ ငွေစာရင်းဆိုင်ရာ အချက်အလက်များကို ခုနစ်နှစ်အထိ ထိန်းသိမ်းထားနိုင်ရမည်၊

(ဆ) ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များ၊ စီးပွားရေးဆိုင်ရာ မှတ်တမ်း အချက်အလက်များ၊ စနစ်များ၊ လုပ်ငန်းစဉ်များနှင့် အကောက်ခွန်ဝန်ဆောင်မှုကိုယ်စားလှယ်နှင့် ပတ်သက်သည့် ကိစ္စရပ်များတို့အား မှတ်တမ်းထိန်းသိမ်းရာတွင် အကောက်ခွန်ဦးစီးဌာနမှ လက်ခံနိုင်သော ထိန်းသိမ်းမှုစနစ်ကောင်း ရှိရမည့်အပြင် အဖွဲ့အစည်းအတွင်း ကောင်းမွန်သောထိန်းချုပ်မှုရှိရမည်၊

(ဇ) အကောက်ခွန်ဦးစီးဌာနက စည်းကြပ်ကောက်ခံသည့် အခွန်အခအရပ်ရပ်နှင့် နိုင်ငံတော်သို့ ပေးဆောင်ရန် တာဝန်ရှိသည့် အခြားအခွန်အခများကို အချိန်နှင့်တစ်ပြေးညီ ပေးဆောင်ထားရမည်၊

(ဈ) ငွေကြေးဆိုင်ရာတောင့်တင်းခိုင်မာမှု ရှိရမည်၊

(ည) အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ အဖြစ် လျှောက်ထားခြင်းမပြုမီ သုံးနှစ် အတွင်းနှင့် အသိအမှတ်ပြုလက်မှတ် မထုတ်ပေးမီကာလအတွင်း အကောက်ခွန်ဆိုင်ရာဥပဒေနှင့် ဆက်စပ်ဥပဒေများအရ ပြစ်မှု၊ ပြစ်ဒဏ်ကျခံရမှု မရှိခြင်း၊ အမည်ပျက် (black list) စာရင်းသွင်း ခံရမှုမရှိခြင်း၊ ကုန်ပစ္စည်းတင်သွင်း၊ တင်ပို့သည့် လုပ်ငန်းစဉ်များကို မှန်ကန်စွာ ကြေညာခြင်း၊ စီးပွားရေး ဆိုင်ရာမသမာမှု ကျော်ဇောသတင်း မရှိခြင်းစသည့် အချက်များနှင့် ပြည့်စုံရမည်၊

(ဋ) လိုအပ်သည့်အချိန်တွင် ကြည့်ရှုစစ်ဆေးရန် ကြိုတင်အကြောင်းကြားလာပါက မည့်သည့်နေရာကိုမဆို စစ်ဆေးခံနိုင်ရမည်။